# အိစ်လာ့မ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မူဝါဒကြေငြာစာတမ်း(စာအုပ်မိတ်ဆက်)

يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَكُم بُرْهَٰنٌ مِّن رَّبِّكُمْ وَأَنزَلْنَآ إِلَيْكُمْ نُورًا مُّبِينًا ﴿١٧٤﴾

အို…လူခပ်သိမ်းတို့၊ စင်စစ်ကေန်ပင် အသင်တို့၏ ပျိုးထောင်ရှင်ထံမှ ခိုင်လုံသောသက်သေတစ်ရပ်သည် အသင်တို့ထံ ရောက်ရှိလာခဲ့ပြီ။ ထို့ပြင် ငါအရှင်သည် ထင်ရှားသော အလင်းရောင်ကို အသင်တို့ထံသို့ ချမှတ်ပေးခဲ့သည်။

အုမိုင်ဟာနဲ့ အဗာစီမင်းဆက်တို့လက်ထက်တွေတုန်းက သာသနာပိုင်တွေရဲ့ ဘာသာတရားမှာလုပ်ဇာတ်ခင်းချက်တွေရဲ့ ဩဇာအရှိန်အဝါဟာ မုစ်လင်မ်နိုင်ငံတွေအပေါ်မှာ အခုထိ လွှမ်းမိုးနေတုန်းပါပဲ။ ကုရ်အံက မပြည့်စုံဘူးတဲ့၊ ဉာဏ်မမှီနိုင်ဘူးတဲ့။ နာမ်ရေးရာလမ်းညွှန်းမှုအတွက် သူ့ချည်းသက်သက်တော့ လုံလောက်မှုမရှိသေးတာကြောင့် ဘာသာရေးကျမ်းဂန်တွေ အများကြီးလိုအပ်နေသေးသတဲ့။ သာသနာ့ပညာရှင်တွေနဲ့ သာသနာပိုင်တွေဘက်ကကျမ်းတွေ တောင်ပုံရာပုံ ထပ်ပြီးပြုစုဖြည့်စွက်ကြရဦးမှာတဲ့။ ဒီလိုကျမ်းဂန်တွေကမှ ဗျာဒိတ်တော်လာကုရ်အံကို ပြည့်စုံစေမှာ၊ ရှင်းလင်းစေမှာ၊ အသေးစိတ်ဋီကာချဲ့ပြမှာလို့ လူထုကြီးကို နားသွင်းခဲ့ကြတယ်။ ဒီသာသနာပိုင်တွေက အလ္လာဟ်ရှင်ကိုတောင် ဉာဏ်တော်မပြည့်စုံတဲ့ ရှင်းရှင်းလင်းလင်း မဖွဲ့တည်တတ်တဲ့ စာဆိုအဖြစ် လုပ်ခဲ့ကြတယ်။ အရှင်ရဲ့ဗျာဒိတ်တော်ကိုတောင်မှ ရှင်းရှင်းလင်းလင်း အကျအနလုပ်မထားဘူး၊ ကိစ္စရပ်တော်တော်များများမှာ ရှင်းရှင်းလင်းလင်း လမ်းမညွှန်ထားဘူး၊ အထူးသဖြင့် နာမ်ပိုင်းဆိုင်ရာ လမ်းညွှန်တွေ မူဝါဒတွေ ကျင့်စဉ်တွေမှာပေါ့။ ဒီအဖြည့်ခံ ကျမ်းဂန်တွေသာ မရှိခဲ့လို့ကတော့ ကုရ်အံက လူမှုဘဝထူထောင်ရေးဆိုင်ရာလမ်းညွှန်ကို လိုက်စားကြတဲ့ တစ်သီးပုဂ္ဂလတွေအတွက်သာ ဘောင်ကန့်ထားချက်ဖြစ်နေမတဲ့။

တစ်ချို့ကဆိုရင် ကုရ်အံသက်သက်ကိုသာ ဖတ်လို့များကတော့ ဖတ်တဲ့သူတောင် လမ်းလွဲသွားမှာတဲ့လေလို့ ကြေငြာလိုက်သေးရဲ့ဗျာ။ မြောက်များစွာသော ဟဒီးစ်ကျမ်းကြီးတွေနဲ့ ဂိုဏ်းဂဏသက်သက် ရှရီအသ်ဥပဒေကျမ်းတွေကို ခိုင်လုံတယ်ဆိုတဲ့ ကမ္ပည်းတပ်ပြီး လက်တွေ့ကျသော ရည်ရွယ်ချက်များအတွက် ကျမ်းမြတ်ကုရ်အံရဲ့နေရာမှာ အစားထိုးခဲ့ကြတယ်။ ကုရ်အံက သူတစ်အုပ်တည်းနဲ့တော့ ဘယ်လိုမှာနားမလည်နိုင်ဘူး။ အတတ်ပညာပိုင်းဆိုင်ရာ ဆင့်ပြန်သူတွေ၊ စုဆောင်းသူတွေ၊ စာတည်းတွေနဲ့ တစ်ဆင့်စကားတတ်ယောင်ကားပညာရှင်တွေရဲ့ ကျမ်းအစောင်စောင်တွေကို လူတွေကဖတ်မှဖြစ်မှာတဲ့။ ဒါနဲ့ပဲ ကုရ်အံကို ဋီကာဖွင့်ထားတဲ့ ရှင်းလင်းထားတဲ့ ကျမ်းအထပ်ထပ်ကိုဖတ်ရင်း လူတွေခမျာ လမ်းပျောက်ကုန်ကြရတယ်။ ကုရ်အံသက်သက်ကို လေ့လာဖို့တောင် အချိန်မရကြရှာဘူး။ အချိန်ရခဲ့တဲ့ လက်ရွေးစင် လူတစ်စုလောက်ပဲ ဒီကျမ်းကို နားလည်သဘောပေါက်ဖို့ အခွင့်အရေးအနည်းအကျဉ်းရခဲ့ကြတယ်။ ဒါတောင်မှ လူလုပ်ဘာသာရေးလမ်းညွှန်ချက်တွေက သူတို့စိတ်ထဲမှာ စွန်းထင်းနေတာကြောင့်ရယ်၊ သူတို့ရဲ့ဒဿနက ဝိရောဓိဖြစ်နေတဲ့ သွန်သင်ချက်တွေကြောင့် ဖောက်လွဲဖောက်ပြန်ဖြစ်သွားခဲရတယ်လေ။ ဘာသာရေး Virus ပိုး ဝင်သွားတာပေါ့ဗျာ။

သာသနာ့ပညာရှင်တွေနဲ့ ဓမ္မကထိကတွေနဲ့ သူတို့ရဲ့မျက်ကန်းနောက်လိုက်တွေဟာ ကျမ်းမြတ်ကုရ်အာံကို သမားရိုးကျ ရုပ်သက်သက် ရှိသေလေးစားမှု(အကျအနသားရေအဖုံးနဲ့၊ စက္ကူအဖုံးနဲ့ဖုံးထားကြတာ)ကလွဲလို့ ကုရ်အာံရဲ့သတင်းစကားကိုတော့ လေးစားရကောင်းမှန်း ယုံကြည်ရကောင်းမှန်း မသိကြပါဘူး။ ကုရ်အာံရဲ့ပါဒတော်တွေကို နံ့ရုံမြင့်မြင့်မှာချိတ်ကြ၊ တရိုတသေထိကြကိုင်ကြ။ မုစ်လင်မ်ဆိုသူတွေဟာ သူတို့ရဲ့ဘဝလမ်းညွှန်အတွက် ကိုးကားကြတာကတော့ ရှားမှရှားပဲဗျို့။ ဝိရောဓိတွေနဲ့ အကွဲအလွဲတွေထဲမှာ နစ်နေကြပြီး ကိုယ်တော်မုဟမ္မဒ်ရဲ့ဩဝါဒရယ်လို့ တလွဲတချော်ဆိုနေကြတဲ့ ဟဒီးဆ်ထောင်သောင်းပေါင်းများစွာထဲမှာ လုံးနယ်လိုက်နေကြရဲ့ဗျာ။ ဂိုဏ်းဂဏလက်စွဲကျမ်းတွေမှာ ဘာမှမရေရာလှတာတွေကိုပဲ အသေးစိတ်လိုက်နေကြတော့တာပါပဲ။ တစ်ခါတလေ ကုရ်အာံကိုကိုးကားပြီဆိုရင်လဲ တလွဲသုံးကြတာပဲရှိတယ်။ ဘာသာရေးစစ်ပွဲအတွက် ကြွေးကြော်ရာမှာနဲ့ ကျူးကျော်မှုကို တရားသဖြင့်ရှိကြောင်းပြဖို့အတွက် ကြွေးကြော်သံအဖြစ် ဆိုလိုရင်းနဲ့ တက်တက်စင်အောင် လက်ကိုင်ပြုခဲ့ကြတယ်။

ကုရ်အာံက လူသားထုကြီးကို အမိုက်မှောင်အတွင်းကနေ ကယ်တင်လွတ်မြောက်စေခဲ့တာပါ။ ကိုယ်တော်မုဟမ္မဒ်ကွယ်လွန်ပြီး မကြာခင်လေးမှာပဲ ဒီကျမ်းက လူသေရင်ဖတ်၊ လက်ဖွဲ့အဖြစ်သုံး၊ ဂါထာမန္တရားဆိုပြီး စိတ်ရောဂါသည်နဲ့ ဝေဒနာရှင်တွေအတွက် သုံးလိုသုံး၊ မှန်ဘောင်မှာချိတ်ဆွဲပြီး တရိုတသေထားလို့ထားကြ၊ ကြောက်ကြရွံ့ကြတဲ့အဆင့်ကို ထိုးဆင်းသွားခဲ့တာပါပဲ။

ကုရ်အာံဟာ အဖတ်အများဆုံးကျမ်းစာလို့ ဆိုခဲ့ကြပေမယ့်လည်း သန်းပေါင်းများစွာသော စွန္နီနဲ့ရှီအဟ်မုစ်လင်မ်များဟာ ကုရ်အာံကို နားမလည်ဘဲနဲ့ ဖတ်နေကြပါတယ်။ သူတို့ရဲ့မိခင်ဘာသာစကားက အာရဗီဖြစ်နေရင်တောင်မှ သူတို့နားလည်တာကို သူတို့မယုံအပ်ဘူးလို့ နားသွင်းခံထားကြရတယ်။ ကုရ်အာံက အဖတ်အများဆုံးကျမ်းဆိုတာ ဖြစ်ကောင်းဖြစ်မှာပါ။ ကံဆိုးရှာတာကတော့ဗျာ သာသနာ့ပညာရှင်တွေရဲ့ စုပေါင်းအားထုတ်မှုကြောင့် သမိုင်းမှာ နားလည်သဘောပေါက်မှုအနည်းဆုံးကျမ်းနဲ့ လိုက်နာသူအနည်းဆုံး နာမည်ကြီးကျမ်းအဖြစ် ကျန်ခဲ့ရရှာတယ်။

အတုအယောင်ဟဒီးစ်တွေ၊ စွန္နဟ်တွေ၊ ဂျူးလက်ရာဖြစ်တဲ့ မိရှနာနဲ့ ဂီမာရာ အာရဗီကျမ်းတွေကိုပယ်ပြီး ကုရ်အာံရဲ့ တိုးတက်မှုရှိတဲ့ အလင်းရောင်ပေးတဲ့ သတင်းသဝဏ်တွေဘက်ကို အလုံးအရင်းနဲ့ နောက်ကြောင်းပြန်လှည့်သူတွေကိုတော့ သာသနာပျက် မုရ်သဒ်တွေဆိုပြီး ပုဒ်မတပ်ရင်း ခြိမ်းခြောက်လိုခြိမ်းခြောက်ကြ၊ ညှဉ်းပန်းနှိပ်စက်ကြ၊ လက်စတုံးသတ်ပစ်တဲ့အထိ ဟဒီးစ်နဲ့စွန္နဟ်ကို လိုက်နာကြသူတွေက လုပ်ခဲ့ကြပါတယ်။ ဥပမာပြောရရင် မုစ်လင်မ်သမိုင်းကို အကျအနစူးစမ်းလေ့လာကြည့်ရင် အဘူဟနီဖှာသခင်ကို အုမိုင်ယာနဲ့ အဗ္ဗာစီမင်းဆက်တွေက ညှဉ်းပန်းနှိပ်စက်ခဲ့ကြတယ်။ သူ့ဘဝသက်တမ်းအတွင်းမှာပဲ ဟဒီးစ်ပယ်သူရယ်လို့ စွပ်စွဲခံခဲ့ရတယ်။ သူကွယ်လွန်ပြီးနောက်ပိုင်းမှာ သူ့ဂုဏ်သတင်းက ပိုကြီးလာတာကြောင့် ဒီလက်မရွံ့လူသတ်သမားတွေကပဲ သူ့နာမည်ကို တလွဲတချော်သုံးပြီး စွန္နီဂိုဏ်းတစ်ဂိုဏ်းကို ဖန်တီးခဲ့ကြတာလေ။

---

စာအုပ်မိတ်ဆက်ဖြစ်ပါသည်။ စာအုပ်များကို မှာယူလိုပါက 09-513 9963 သို့ဆက်သွယ်ဝယ်ယူနိုင်ပါသည်။